# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

## ဒသမနေ့ အစည်းအဝေး အကျဉ်းချုပ်

## ၁၃၈၁ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်

## (၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

## [ တနင်္လာနေ့ ]

၁။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဒသမနေ့ကို ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပပါသည်။

**မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း**

၂။ မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်။

(က) ဦးဘွဲခိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ဘုန်တလန်ကျေးရွာတွင် သောက်သုံးရေ ရှားပါးသည့်အတွက် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် သောက်သုံးရေသန့် သွယ်ယူပေးရန်** အစီအစဉ် ရှိ/မရှိ **သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် က ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် သောက်သုံးရေသွယ်ယူပေးရန် အစီအစဉ်မရှိသေးကြောင်းနှင့် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသခံပြည်သူများနှင့် သက်ဆိုင်ရာဌာနတို့ပူးပေါင်း၍ ဘုန်တလန်ကျေးရွာ ဟောင်းရေရရှိနိုင်ရေးအတွက် ဖြစ်နိုင်စွမ်းရှိသော နည်းလမ်းရှာဖွေ၍ ကုန်ကျမည့်ရန်ပုံငွေအား ချင်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် သင့်တော်မည့် ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားခြင်းဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားချက်အရ ရှင်းလင်းဖြေကြားသည်။

(ခ) ဦးဘော်ရယ်စိုးဝေ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ဒေါဖုကျေးရွာအုပ်စုအတွင်းရှိ ဒေါဖု – ဘိုးလျား ကျေးရွာချင်းဆက် မြေသားလမ်းအား (၁၂)ပေအကျယ် ကျောက်ချောလမ်း သို့မဟုတ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် က နယ်စပ်ဒေသဖွံ့ဖြိုးရေး (ပြည်ထောင်စု)ရန်ပုံငွေဖြင့် ၂၀၂၀–

၂၀၂၁ ဘဏ္ဍာရေးနှစ်မှ စတင်၍ ကျောက်လမ်း(၂/၀)မိုင်နှင့် Box Culvert (၂)စင်းတို့ကို လျာထားတင်ပြသွားမည်ဖြစ်ပြီး ကျန်ရှိသည့်အပိုင်းကိုလည်း ဘဏ္ဍာရေးနှစ်အလိုက် လျာထားတင်ပြသွားမည်ဖြစ်ကြောင်း ရှင်းလင်း ဖြေကြားသည်။

(ဂ) ဦးဇယ်ခေါင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်ရှိ စင်ကြိုင် – ဂူခန် ကျေးရွာချင်းဆက်လမ်းအား ကျောက်ချော လမ်းအဖြစ် လာမည့်ဘဏ္ဍာရေးနှစ်တွင် ဖောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်ရှ က ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ် စီမံကိန်းလျာထားချက်တွင် အဆိုပြုထည့်သွင်းလျာထားပြီး ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ လုပ်ငန်း ဦးစားပေးအစီအစဉ်အရသာ ဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ကြောင်း ရှင်းလင်း ဖြေကြားသည်။

(ဃ) ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ **ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့ အမှတ်(၂)ရပ်ကွက်ရှိ လိပ်ကုန်း(၂) အခြေခံပညာအလယ်တန်းကျောင်းတွင် (၁၃၀x၃၀)ပေ RC နှစ်ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး က (၁၂၀x၃၀)ပေ Steel Structure တစ်ထပ်ဆောင်(၁)ဆောင် ဆောက်လုပ်ရန် အတွက် လိုအပ်သော ရန်ပုံငွေကို ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ် ၊ ငွေလုံးငွေရင်း (တည်ဆောက်ရေး) ခေါင်းစဉ်အောက်တွင် မြို့နယ်ဦးစားပေးအစီအစဉ်အရ စိစစ်ထည့်သွင်းလျာထား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်း ဖြေကြားသည်။

(င) ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ **ရခိုင်ပြည်နယ်၊ ရမ်းဗြဲ မြို့နယ်၊ လေးတောင်မြို့၊ ဇရပ်ပြင် အခြေခံပညာအထက်တန်းကျောင်း၏ နှစ်ထပ်ကျောင်းဆောင်သည် အန္တရာယ်ရှိသော ကျောင်းဆောင်အဖြစ် ရောက်ရှိနေပါသဖြင့် ဆောက်လုပ်ရန် လိုအပ်လျက်ရှိသည့် ကျောင်းဆောင် များအား နှစ်အလိုက် ဦးစားပေးပြီး လာမည့်ဘဏ္ဍာရေးနှစ်တွင် အခြေခံပညာ အထက်တန်းကျောင်းနှင့်ကိုက်ညီသည့် (၁၅၀ x ၃၀)ပေ သို့မဟုတ် စံကိုက် နှစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင် ဦးစားပေးအဖြစ် သတ်မှတ်ပြီး ပြန်လည် ဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေး

ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး က (၁၅၀x၃၀)ပေ RC နှစ်ထပ်ဆောင်(၁)ဆောင် ဆောက်လုပ်ရန်အတွက် လိုအပ်သော ရန်ပုံငွေကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း(တည်ဆောက်ရေး) ခေါင်းစဉ် အောက်တွင် မြို့နယ်ဦးစားပေး အစီအစဉ်အရ စိစစ်ထည့်သွင်းလျာထား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(စ) ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ **“ဝ”ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်မြို့နယ်၊ ပန်လုံမြို့တွင် နွေရာသီကာလ သောက်သုံးရေ သိုလှောင်နိုင်မည့် ရေဂါလန်(၃၃)သိန်းဆံ့ ကြာကန် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းနှင့် ရေဂါလန်(၈)သိန်းဆံ့ ကျောက်စီရေလှောင်ကန်(၁)လုံး ဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလှကျော် က ကြာကန်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းနှင့် ကျောက်စီရေလှောင်ကန်(၁)လုံး တည်ဆောက်ရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ရန်ပုံငွေလုံလောက်မှုမရှိ အကန့်အသတ်ရှိနေသည့်အတွက် လတ်တလောမှာ ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားထားမှုကို ကိုယ်စား ရှင်းလင်းဖြေကြားသည်။

(ဆ) ဦးကျော်သောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၏ **စစ်ကိုင်းမြို့နယ်၊ ကာဘိုးဆည်ရေ၊ လှတောလက်တံ(၅)တူးမြောင်း ရေဖျားသောက်လယ်ကွင်းများအား မူးမြစ် မြစ်ရေတင်စီမံကိန်း ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလှကျော် က မြေပြင်တိုင်းတာခြင်း၊ အသေးစိတ်တိုင်းတာခြင်းနှင့် ပုံထုတ်ခြင်း၊ စီမံကိန်းတည်ဆောက်ခြင်း စသည့်လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှစတင်၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်း ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရရှိမှုအပေါ်မူတည်၍ မြစ်ရေတင်စီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဖြေကြားချက်ဖြင့် ပေါင်းစပ်ရှင်းလင်းဖြေကြားသည်။

(ဇ) ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ **စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်၊ ကွန်းတောင်းကျေးရွာရှိ ရေတင်စက်၊ ရေပိုက်များနှင့် ဝက်ရှူကျေးရွာရှိ စက်ရေတွင်းအား ပြန်လည်ပြင်ဆင်မွမ်းမံပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးလှကျော် က

ကွန်းတောင်းကျေးရွာရေတင်စက်နှင့် ရေပိုက်လဲလှယ်ခြင်းလုပ်ငန်းကို နီးစပ်ရာ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေခွဲဝေလျာထားရရှိမှုအပေါ်မူတည်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဝက်ရှူကျေးရွာတွင် စက်ရေတွင်းအသစ်တူးဖော်ရန် မြေအောက်ရေသေချာမှု ရှိ/မရှိတိုင်းတာပြီး ဖြစ်နိုင်ခြေရှိပါက ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လျာထားစီမံ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖြေကြားထားမှုကို ကိုယ်စားရှင်းလင်း ဖြေကြားသည်။

(ဈ) ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ **SME ကဏ္ဍဖွံ့ဖြိုးရေးအတွက် ပြည်ထောင်စုအစိုးရနှင့် JICA, KFW အစရှိသော နိုင်ငံတကာအဖွဲ့အစည်းများမှ ချေးငွေများကို ထိရောက်စွာ အသုံးချနိုင်ရေးအတွက် မည်သို့စီမံဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့် ချေးငွေပမာဏ မည်မျှကို စီမံထား၍ SME များသို့ ထုတ်ချေးပြီးပမာဏ မည်မျှရှိသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း က အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် JICA Two Step Loan အပြင် မြန်မာ့စီးပွားရေးဘဏ်၏ အများပြည်သူစုဆောင်းအပ်နှံငွေမှ MSMEs လုပ်ငန်းများသို့ ထုတ်ချေးရန် အစီအစဉ်ရေးဆွဲ ထုတ်ချေးလျက်ရှိကြောင်း၊ SME ချေးငွေပမာဏသက်တမ်းအား ယခင်ကထက် တိုးတက်ထုတ်ချေးလျက်ရှိပြီး ဖြေလျော့နိုင်သည့် စည်းကမ်းချက်များကိုလည်း ဖြေလျော့ပေးလျက်ရှိကြောင်း ရှင်းလင်းဖြေကြားသည်။

(ည) ဦးဝေ့တင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ **ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်အတွင်းရှိ ကျေးလက်နေ တောင်သူလယ်သမားများအတွက် “ဝ”ဥ စိုက်ပျိုးရေးချေးငွေ ထုတ်ချေးပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း က လုံလောက်သော အာမခံမတင်သွင်းနိုင်ပါက မြန်မာ့အာမခံလုပ်ငန်းနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ရန် စီစဉ်ပေးထားပြီး နီးစပ်ရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ရှင်းလင်းဖြေကြားသည်။

(ဋ) ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **နိုင်ငံတော်အစိုးရ အနေဖြင့် ဝန်ထမ်းများ အငြိမ်းစားယူသည့်အခါ သို့မဟုတ် နုတ်ထွက်သည့်အခါ စုဆောင်းငွေ တစ်ရပ်ရရှိရန် General Provident Fund (GPF) ဆောင်ရွက်ရန်** အစီအစဉ် ရှိ/မရှိ

မေးခွန်းနှင့် စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း က ဝန်ထမ်းနှောင်ရေး ဇဟိုရန်ပုံငွေ (General Provident Fund) တည်ထောင်ဆောင်ရွက်ရန် အစီအစဉ်ရှိကြောင်း ရှင်းလင်းဖြေကြားသည်။

(၄) ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် နှစ်စဉ် တစ်လတစ်ကြိမ် (၁)ရက်နေ့တိုင်း ဖွင့်လှစ်ပေးနေသည့် အောင်ဘာလေဆုမဲများကို ထီကံစမ်းထားသည့် အများပြည်သူထီပေါက်ခွင့်(ကံထူးခွင့်)အခွင့်အလမ်းများ ပိုမိုလာစေရန် ယခုလက်ရှိ ဖွင့်လှစ်ပေးနေသည့်ဆုမဲများမှ ထပ်ဆောင်း ဖွင့်လှစ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း က ခွဲဝေချီးမြှင့်လျက်ရှိသော ထီလက်မှတ်ရောင်းရငွေ၏ ၆၀% အတွင်း ပထမအဆင့်အနေဖြင့် အမြင့်ဆုံးအထူးဆုကြီး၏ အက္ခရာမတူ၊ ဂဏန်းတူထီလက်မှတ်များအား ထီဆုငွေထည့်သွင်းချီးမြှင့်နိုင်ရန်ကိစ္စကို ဦးစွာသုံးသပ်ဆောင်ရွက်သွားရန် အစီအစဉ်ရှိကြောင်း ရှင်းလင်းဖြေကြားသည်။

(၃) ဒေါက်တာပြည့်ဖြိုး၊ ရော၀တီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၏ **၂၀၁၉ – ၂၀၂၀ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့် ပြင်ဆင်ပြီးခဲ့သော မြန်မာနိုင်ငံ တံဆိပ်ခေါင်းခွန် ဥပဒေများအရ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေခွန်ရာခိုင်နှုန်းများ လျှော့ချပြင်ဆင်ခဲ့သည့်အပေါ် ယနေ့အချိန်ထိရရှိသော ပုံမှန်ဝင်ငွေခွန်၊ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေခွန်၊ တံဆိပ်ခေါင်းခွန်များရရှိမှုအခြေအနေနှင့် သက်ဆိုင်ရာ ပြည်တွင်းအခွန်များဦးစီးဌာနတို့က အခွန်တိမ်းရှောင်မှုအပေါ် ဥပဒေပြဋ္ဌာန်းပြီးသည်မှ ယနေ့အချိန်ထိ အရေးယူဆောင်ရွက်မှု အရေအတွက်နှင့် အခြေအနေတို့ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း က ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ပထမ(၃)လတွင် စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ် အခွန်ထမ်းဦးရေ၊ အခွန်ပေးဆောင်သည့်ပမာဏနှင့် တံဆိပ်ခေါင်းခွန်ပေး ဆောင်သည့်ပမာဏတို့ကို တိုးတက်ပေးဆောင်လာသည်ကို တွေ့ရှိရပြီး ဥပဒေပြဋ္ဌာန်းပြီးသည်မှ ယနေ့အချိန်အထိ အခွန်တိမ်းရှောင်မှုများ ပေါ်ပေါက်မှုမရှိသေးကြောင်း ရှင်းလင်းဖြေကြားသည်။

## အစီရင်ခံစာ ဖတ်ကြား ရှင်းလင်းခြင်းနှင့် အဆုံးအဖြတ် ရယူခြင်း

၃။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်နန်းနီနီအေး (ဥပဒေကြမ်းကော်မတီဝင်)က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အမျိုးသားစာကြည့်တိုက် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းပြီး ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူရာ လွှတ်တော် က အတည်ပြုသည်။

## အသိပေးတင်ပြခြင်းနှင့် အတည်ပြုချက် ရယူခြင်း

၄။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေ များ၊ အမှုတွဲမိတ္တူကူးခြင်းဆိုင်ရာ နည်းဥပဒေများနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြပြီး အတည်ပြုချက် ရယူရာ လွှတ်တော် က အတည်ပြုသည်။

၅။ အစည်းအဝေးကို ၁၂:၂၆ နာရီ အချိန်တွင် ရပ်နားပြီး (၁၁)ရက်မြောက်နေ့ အစည်းအဝေးကို ၆-၃-၂၀၂၀ ရက်နေ့ (သောကြာနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

**အမျိုးသားလွှတ်တော်**